ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

သနပ်ပွင့်ချင်းကျေးရွာ၊သနပ်ပွင့်ချင်းကျေးရွာအုပ်စု

၂၀၁၇ ခုနှစ် ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ.....2

၂။သနပွင်ချင်းကျေးရွာအုပ်စုမြေပုံ.....3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း.....4

၄။ကျေးရွာအခြေခံအချက်အလက်များ.....5

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်.....6

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ ...7

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ..... 18

၈။ကျေးရွာကော်မတီစာရင်း.....19

၉။ပုံစံ-၁။ကျေးရွာအချက်အလက်.....20


၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် .....23

၁၁။အစည်းအဝေးမှတ်တမ်းများ.....26


၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP).....30

၁။ ကျောက်တန်းမြို့နယ် မြေပုံ

ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ



၂။သနပွင်ချင်းကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ အငူကျေးရွာ

၂။ သနပ္ပချင်းကျေးရွာ

၃။ မြေပွေးကုန်းကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

သနပ္ပင်ချင်းကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၃၇)မိုင်ကွာဝေးသောရွာတစ်ရွာဖြစ်သည်။သနပ္ပင်ချင်းကျေးရွာသည် ကျောက်တန်းမြို့နယ်၏ အနောက်မြောက်ဘက်တွင် တည်ရှိပါသည်။သနပ္ပင်ချင်းကျေးရွာတွင် လူဦးရေ(၂၆၈)၊ အိမ်ထောင်စု(၁၀၅)ရှိပါသည်။ သနပ္ပချင်းကျေးရွာတွင် ဗမာလူမျိုးအများစုနှင့် ဟိန္ဒူလူမျိုးအနည်းငယ် နေထိုင်ပါသည်။ သနပ္ပချင်းကျေးရွာသည်လွန်ခဲ့သော နှစ်ပေါင်း(၂၀၀)ကျော်လောက်က တည်ရှိခဲ့ပါသည်။ ဟိုးယခင်က ရွာများမရှိစဉ် စစ်ဖြစ်ပွားပြီး ချင်းလင်မယားနှစ်ယောက်သည် ယခုသနပ္ပချင်းရွာရှိရာ နေရာသို့ ရောက်ရှိလာပြီး ထိုနေရာတွင် ခရီးသွားလာသူများ နားခိုစရာရစေရန်နှင့် အရိပ်အာဝါသရစေရန်အတွက် သနပ္ပင်တစ်ပင်ကိုစိုက်ထားခဲ့သောကြောင့် သနပ္ပင်ချင်းရွာ ဟုခေါ်ဆိုရခြင်းဖြစ်ပေါ်လာပါသည်။ ကျေးရွာ၏ အမြောက်ဘက်တွင် မှော်ဝန်းချောင်းရှိပါသည်။ အရှေ့ဘက်တွင် အငူကျေးရွာ၊ အနောက်ဘက်တွင် ချောင်းဝကျေးရွာ၊ တောင်ဘက်တွင် ဘော်ဂလွတ်ကျေးရွာ ရှိပါသည်။ သနပ္ပင်ချင်းကျေးရွာသို့ ရေလမ်း၊ ကုန်းလမ်း (၂) မျိုးသွားလာရပါသည်။ ရွာ၏ အဓိက စီးပွားရေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်ပါသည်။ အဓိက ဝင်ငွေရသော လုပ်ငန်းမှာ စပါးစိုက်ပျိုးခြင်းနှင့် ရေလုပ်ငန်းဖြစ်ပါသည်။ ရွာတွင်ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း၊ စေတီ တစ်ဆူ၊ စာသင်ကျောင်း၊ ဆေးခန်းနှင့် အုပ်ချုပ်ရေးမှူးရုံးရှိပါသည်။ သောက်သုံးရေကန် (၅)ကန်ရှိပြီး လျှပ်စစ်မီး ရရှိခြင်းတော့ မရှိသေးချေ။ ရွာတွင်လက်လုပ်လက်စား အိမ်ထောင်စုများပြားသောကြောင့် အများစုက နွမ်းပါးကြသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၃ | ၄ | ၅ | ၉ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၁၀ | ၆ | ၄ | ၁၀ |
| မြေယာမဲ့ | ၅ | ၂၄ | ၂၉ | ၅၃ |
| မသန်စွမ်း | ၂ | ၁ | ၁ | ၂ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | |
| ပဲတီစိမ်း | ဝက် | | |
| | ဘဲ | | |
| | ဆိတ် | | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၀၀ | - | - | - | -/၅ | ၂ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | ဈေးဆိုင် |
| အရေအတွက် | - | ၅ | ၁ | - | - | ၅ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၅ | - | - | ၃၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၂၀ | ၁၀ | - | ၂၀ | - |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၁၃-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၃၄ | ၃၇ | ၇၁ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၁၃-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၃၄ | ၃၇ | ၇၁ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | ၁၆-၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၂၆ | ၄၁ | ၆၇ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၁၆-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၂၆ | ၄၁ | ၆၇ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့်ချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၁၆-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၂၆ | ၄၁ | ၆၇ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၆-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၆ | ၄၁ | ၆၇ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ


### ၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်



**သုံးသပ်ချက်**

သနပ္ပင်ချင်းကျေးရွာအုပ်စု၊သနပ္ပင်ချင်းကျေးရွာတွင်အိမ်ခြေစုစုပေါင်း(၁၀၅)အိမ်ရှိပါသည်။သနပ္ပင်ချင်းကျေးရွာအဓိကလုပ်ငန်းမှာလယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းဖြစ်ပါသည်။လယ်ယာလုပ်ငန်းမှာ စပါးနှင့် ပဲတီစိမ်းကို စိုက်ပျိုးကြပါသည်။ ရေလုပ်ငန်းမှာ ကျားပိုက်၊ မျှောပိုက်၊ ဝိုင်းပိုက်၊ ငါးများတန်းပိုက်၊ ဂဏန်းပိုက်တို့ ဖြစ်ပါသည်။ ကျေးရွာ၏ မြောက်ဘက်တွင် မော်ဝန်းချောင်းရှိပါသည်။ သနပ္ပင်ချင်းကျေးရွာတွင် ရေကန်(၅)ကန်ရှိပါသည်။ သောက်သုံးရေ လုံလောက်မှု မရှိပါ။ ကျေးရွာတွင် စေတီတစ်ဆူနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းရှိပါသည်။ ပညာရေးအတွက် အစိုးရမူလတန်း တစ်ကျောင်းနှင့် ရွှေတောင်ကုမ္ပဏီမှ လှူဒါန်းတည်ဆောက်ထားသော မူလတန်းကျောင်းဆောင် တစ်ခုရှိပါသည်။ ကျေးရွာတွင် ဆေးပေးခန်းတစ်ခု၊ အုပ်ချုပ်ရေးမှူးရုံးနှင့် သချိုင်းလည်း ရှိပါသည်။ ရွာလမ်းမကြီး တစ်လမ်းရှိပြီး ကွန်ကရစ်လမ်းတစ်ဝက်နှင့် မြေသားလမ်းတစ်ဝက်ရှိပါသည်။

၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။




**သုံးသပ်ချက်**

သနပွင်ချင်းကျေးရွာတွင် အလွန်ပြေလည်၊ အလယ်အလတ်ပြေလည်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ အလွန်ပြေလည်သောအဆင့်မှာ တိုက်အိမ်၊ ပျဉ်ထောင်သွပ်မိုး၊ လယ်(၁၀)ဧကေ၊ ဆိုင်ကယ်၊ စက်ဘီး၊ လယ်ထွန်စက်သေး၊ ရွှေနွားပျံ၊ ဖုန်း၊ တီဗွီ၊ စက်လှေ၊ ပိုက်လှေ၊ ပိုက်တို့ပိုင်ဆိုင်ခြင်းတို့ဖြစ်ပြီး အိမ်ထောင်စုမှာ(၂၅)စုနှင့် ရာခိုင်နှုန်းမှာ(၂၄%)ရှိပြီး၊ ပြေလည်သောအဆင့်တွင် သွပ်မိုး၊ ထရံကာ၊ မျှောပိုက်၊ စက်ဘီး၊ ဆိုင်ကယ်၊ တီဗွီ၊ ဖုန်း၊ လှေပိုင်ဆိုင်ခြင်းတို့ဖြစ်ပြီး အိမ်ထောင်စုမှာ (၃၀)စုနှင့် ရာခိုင်နှုန်းမှာ(၂၈%)နှင့် နွမ်းပါးသောအဆင့်မှာ ဓနိမိုး၊ ထရံကာ၊ ဓနိမိုး၊ ဓနိကာ၊ စက်ဘီး၊ ဖုန်း၊ တီဗွီတို့ပိုင်ဆိုင်ကြပြီး အိမ်ထောင်စုမှာ(၅၀)စု ရာခိုင်နှုန်းမှာ(၄၈%)ရှိသည်ဟု ကျေးရွာသူရွာသားများမှ သတ်မှတ်ခဲ့ကြပါ သည်။

ကျေးရွာအတွင်းနွမ်းပါးရခြင်းမှာ ဂင်ငွေနည်းပါးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးခြင်း၊ ပုံမှန်ဂင်ငွေမရှိခြင်း၊ အသိပညာ ၊အတတ်ပညာ နည်းပါးခြင်းများက သနပွင်ချင်းးကျေးရွာတွင် နွမ်းပါးသူများ ပြားရခြင်း၏ အဓိကအကြောင်းအရင်းများဖြစ်သည်။

## ၃။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်




**သုံးသပ်ချက်**

**စိုက်ပျိုးရေး** ဝါဆိုလတွင် စပါးကို စတင်စိုက်ပျိုးပြီး တန်ဆောင်မုန်းလတွင် စပါးရိတ်သိမ်းပြီးသီးထပ် ပဲတီစိမ်းကိုစိုက်ပျိုးကြပါသည်။တပေါင်းလတွင် ပဲတီစိမ်းကို ဆွတ်ခူးကြပါသည်။

**မွေးမြူရေး** ဆယ့်နှစ်လရာသီလုံး ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်ကို အဆင်သင့်သလို မွေးမြူ ကြပါသည်။

**ရေလုပ်ငန်း** ကျားပိုက်၊ မျှောပိုက်၊ ဝိုင်းပိုက်၊ ငါးမျှားတန်းပိုက်၊ ဂဏန်းပိုက်စသည်တို့ဖြင့် ဆယ့်နှစ်လရာ သီလုံး လုပ်ကိုင်ကြသည်။


**ကျန်းမာရေး** ကဆုန်၊ နယုန်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ရာသီအကူးအပြောင်းကြောင့် နာစေး၊ ချောင်းဆိုး၊ ဖျားနာများဖြစ်တတ်ကြသည်။

**သောက်သုံးရေလုံလောက်မှု** တန်ခူး၊ ကဆုန်၊ တပေါင်းလများတွင် သောက်သုံးရေ လုံလောက်မှု မရှိပေ။

**အစာရေစာဖူလုံမှု** တန်ခူးနှင့် တပေါင်းလများတွင် အစာရေစာဖူလုံမှုမရှိပေ။

**ဝင်ငွေ/ထွက်ငွေ** တန်ခူး၊ ကဆုန်လများတွင် ပိုက်လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း အနည်းငယ်သာလုပ်ကိုင်သောကြောင့် ဝင်ငွေအနည်းငယ်သာရှိသည်။ ဝါဆို၊ ဝါခေါင်တွင် ကောက်စိုက်ခြင်း၊ ပျိုးနုတ်ခြင်း၊ လယ်ထွန်ခြင်းတို့ကြောင့် ဝင်ငွေများများရရှိပါသည်။ တန်ဆောင်မုန်းလများတွင် စပါးရိတ်သိမ်းသောကြောင့် ဝင်ငွေများများရရှိပါသည်။ နတ်တော်၊ ပြာသို၊ တပိုတွဲလများတွင် ဝင်ငွေအများဆုံးရသော လဖြစ်ပါသည်။

**၄။ ဗင်းပုံစံ သုံးသပ်ချက်။**




**သုံးသပ်ချက်**

ကျေးရွာအတွင်းအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ သာရေးနာရေးအဖွဲ့၊ ဂေါပက အဖွဲ့တို့သည် ကျေးရွာ၏ အခက်အခဲများ၊ ဖွံ့ဖြိုးရေး၊ သာရေးနာရေးကိစ္စများကို လုပ်ကိုင်ပေးကြပြီး မြစိမ်းရောင်နှင့် ငွေတိုးချေး အဖွဲ့အစည်းများသည်ကျေးရွာ၏စီးပွားရေးလုပ်ငန်းများအားတိုးချဲ့လုပ်ဆောင်ခြင်း၊ ကျေးရွာ၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် ထုတ်ချေးထားသည်ကို တွေ့ရှိရပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သောမြို့နယ်ထွေအုပ်၊ ပညာရေးမှူးရုံး၊ စိုက်ဘက်၊ မြေစာရင်း ဦးစီးဌာန၊ ကျေးလက်ဦးစီး တို့သည်ကျေးရွာအဖွဲ့အစည်းများနှင့် ကဏ္ဍအသီးသီးတွင် ချိတ်ဆက်ဆောင်ရွက်နေသည်ကိုလဲ တွေ့ရှိရပါသည်။

**၅။ ပင့်ကူအိမ်သုံးသပ်ချက်။**



**ဆုံးဖြတ်ပိုင်ခွင့်** ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသားများနှင့် အမျိုးသမီးတန်တူ ဆုံးဖြတ်ပိုင်ခွင့် ရှိသည်။

**ကျန်းမာရေး** ကျန်းမာရေးအသိပညာ ကြွယ်ဝမှုတွင် အမျိုးသားနှင့် အမျိုးသမီးတန်းတူ ရှိသည်။

**ပညာရေး** ပညာရေးသင်ကြားရမှုတွင် အမျိုးသား၊ အမျိုးသမီးတန်းတူ သင်ကြားခွင့်ရှိပါသည်။

**ဦးဆောင်နိုင်မှု** ရှေးယခင်ကတည်းက အမျိုးသားများသာ ကိစ္စအဝဝကို ဦးစီးဦးဆောင်ပြုလုပ်ခဲ့ကြသဖြင့် ယခုအချိန်တွင် အမျိုးသားများကသာ အများဆုံးဦးဆောင်နိုင်ပြီး အမျိုးသမီးများသည် မိမိကိုယ်ကို ယုံကြည်မှုနည်းပါးလာကာ ဦးဆောင်နိုင်မှုလျော့နည်းသည်။


**အိမ်မှုကိစ္စအပေါ် ဆောင်ရွက်မှု**အမျိုးသားများသည်အိမ်မှုကိစ္စများအပေါ် တွင်ပူးပေါင်းပါဝင်မှုရှိသော်လည်းထုံးတမ်းအစဉ်လာများအရအိမ်မှုကိစ္စများကိုအမျိုးသမီးများကသာလုပ်ဆောင်ရမည်ဟူသောအစဉ်လာအရ အမျိုးသမီးများကသာ အများဆုံးလုပ်ဆောင်ရသည်ကို တွေ့ရှိရပါသည်။


**အလုပ်ကိုင်အခွင့်လမ်း** ကျေးရွာတွင်အမျိုးသားများကအလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိပြီးအမျိုးသမီးများအတွက် အခွင့်အလမ်းမှာ နည်းပါးကြောင်းတွေ့ရှိရသည်။

**ဘာသာရေး** ဘာသာရေးလုပ်ကိုင်ရာတွင် အမျိုးသားများက ပါဝင်လုပ်ဆောင်မှု အားနည်းပြီး အမျိုးသမီးများက ပါဝင်လုပ်ဆောင်မှု ရာခိုင်နှုန်းများသည်ကိုတွေ့ရှိရသည်။

**ဝင်ငွေရရှိမှု** ဝင်ငွေရရှိမှုတွင် အမျိုးသားများသည် အခွင့်အလမ်းပိုများပြီး အမျိုးသမီးများသည် အိမ်မှုကိစ္စများကြောင့် အပြင်ထွက်အလုပ် မလုပ်ကိုင်နိုင်သောကြောင့် ဝင်ငွေနည်းပါး ကြောင်း တွေ့ ရှိရသည်။

**၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။**





**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဘောလုံးကွင်း၊ ကျွဲ၊ နွား၊ ထော်လာဂျီ၊ လယ်ထွန်စက်၊ အရောင်းအဝယ်၊ ဆိုင်ကယ်၊ သောက်ရေကန်၊ စက်လှေ၊ ရေလုပ်ငန်းစသည် တို့ကို အမျိုးသားများက ထိန်းချုပ်ထားပါသည်။ အမျိုးသမီးများက အပ်ချုပ်စက်နှင့် ကုန်စုံဆိုင်တို့ကို ထိန်းချုပ်ထားပါသည်။ လယ်ယာမြေ၊ သစ်တော၊ ဆေးပေးခန်း၊ ဘုန်းကြီးကျောင်း၊ လမ်း၊ စာသင်ကျောင်း စသည်တို့ကို အမျိုးသား/အမျိုးသမီးတို့က ထိန်းချုပ် ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ၏ အရင်းအမြစ်များဖြစ်သော ဘောလုံးကွင်း၊ ကျွဲ၊ နွား၊ ထော်လာဂျီ၊ လယ်ထွန်စက်၊ ရေလုပ်ငန်း စသည်တို့ကို အမျိုးသားများအသုံးပြုပြီး အပ်ချုပ်စက်၊ ကုန်စုံဆိုင်၊ အရောင်း အဝယ်များကို အမျိုးသမီးများသာ အသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးလုံးအသုံးပြု သောအရင်းအမြစ်များမှာဘုန်းတော်ကြီးကျောင်း၊ ဆိုင်ကယ်၊ စာသင်ကျောင်း၊ သောက်သုံးရေကန်၊ သစ်တော၊ လမ်း၊ ဆေးပေးခန်း၊ စက်လှေနှင့် လယ်ယာမြေများတို့ကို အသုံးပြုကြပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာတက်ရောက်ပါဝင်ရန်အုပ်ချုပ်ရေးမှူးကို ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေး အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကော်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း၊ မျှော်မှန်းချက်များဖော်ထုတ်ပေးခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းခွဲများ ထွက်ပေါ်လာသည်ထိ လုပ်ကိုင်ခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ရက်စွဲ -၁၅.၂.၂၀၁၇**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီအချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

| | | | | |
|---|---|---|---|---|
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



စီမံကိန်းလုပ်ငန်းခွဲရွေးချယ်နေသော မှတ်တမ်းဓါတ်ပုံ




ကျေးရွာလုပ်ငန်းခွဲများ မဲပေးနေကြသော မှတ်တမ်းဓါတ်ပုံ



**အမျိုးသားများ အဖွဲ့ခွဲ၍ ပင့်ကူအိမ်သုံးသပ်ခြင်း ပြုလုပ်နေကြသော မှတ်တမ်းဓါတ်ပုံ**



**အမျိုးသမီးများအဖွဲ့ခွဲ၍ အခက်အခဲများထုတ်ဖော်နေသော မှတ်တမ်းဓါတ်ပုံ**




ကျေးရွာအုပ်စုကော်မတီနှင့် ကျေးရွာကော်မတီ၏ မှတ်တမ်းဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ

### ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးဝင်းသိန်း | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်စိုးစိုးစံ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးဆန်းယု | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်ခင်စန်းသိန်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဒေါ်ကေသီဝင်း | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးကြည်ဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်နှင်းယုခိုင် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးကျော်မြင့် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်စိုးစိုးဝင်း | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးတင်ဦး | ကျား | ဝေဖန်အကြံပြုချက်တိုင်ကြားဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်စုစုလှိုင် | မ | ဝေဖန်အကြံပြုချက်တိုင်ကြားဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးနေမင်းထွန်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်အေးမိစံ | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဦးမောင်မောင်လေး | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်    ကျား(၇)ယောက်+မ(၇)ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ဦးဝင်းသိန်း    ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ
၂။ဒေါ်စိုးစိုးစံ    ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်

**မှတ်တမ်းတင်သူ**

အမည်။ ဒေါ်ဖြူဇင်ဝင်း

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။၁၅.၂.၂၀၁၇

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် - [illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် - 09-319,7965 | လူထုစည်းရုံးရေးမှူး၏ အမည် - [illegible] |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး- [illegible] | မြို့နယ် - [illegible] | ကျေးရွာအုပ်စု - [illegible] | ကျေးရွာ - [illegible] |

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၀၂ | ဘာသာ (၁) ဗုဒ္ဓ | ၁၀၂ |
| လူမျိုးစု (၂) [illegible] | ၃ | ဘာသာ (၂) [illegible] | ၃ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၅ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၃ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၆၈ | ၂၆၆ |
| လူမျိုးစု (၁) ဗမာ | ၂၆၄ | ၂၆၁ |
| လူမျိုးစု (၂) [illegible] | ၄ | ၅ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၈၀ | ၂၅ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း    ကတ္တရာလမ်း    ကွန်ကရစ်လမ်း    မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း    မြေသားလမ်း    လူသွားလမ်း    အခြား ______________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -------------------

မိုးရာသီတွင်ကြာချိန်------------------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ------------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---[illegible]------

(၂) ---ရပ်မိရပ်ဖ---------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦးစိုးဝင်း [signature]

လက်မှတ် နေ့စွဲ - ၁၄.၂.၂၀၁၇

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်မြဂေဇဝင်

လက်မှတ် [signature] နေ့စွဲ - ၁၄.၂.၂၀၁၇

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် - ဒေါ်ဖြူဂါလီ | | | |
| နေ့စွဲ - ၁၆.၂.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း ( ၁ ) ☐ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | |
| ပြည်နယ် / တိုင်း - ရန်ကုန် | မြို့နယ်-ကော့ကတ်ကို | ကျေးရွာအုပ်စု-၁၁၄မိုင်ချုံး | ကျေးရွာ- ၁၁၄ မိုင်ချုံး |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသမီးအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | ၁ | ဆက်သွယ်ရေး လမ်း မရှိခြင်း |
| ၂ | သောက်သုံးရေ မလုံလောက်ခြင်း | ၂ | ပညာရေး ဆရာ/ဆရာမ မလုံလောက်ခြင်း |
| ၃ | ပညာရေး ခက်ခဲခြင်း | ၃ | အလုပ်ကိုင်အခွင့်လမ်း ရှားပါးခြင်း |
| ၄ | နေရေးထိုင်ရေး ခက်ခဲခြင်း | ၄ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၅ | အလုပ်ကိုင်အခွင့်လမ်း ရှားပါးခြင်း | ၅ | မွေးဖွားရေးဆရာ မလုံလောက်ခြင်း |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ မျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဆက်သွယ်ရေးလမ်း သင့်ဖြစ်ပေါ်လာစေရန် | ၁ | ဆက်သွယ်ရေးလမ်း ဖြစ်ပေါ်လာစေရန် |
| ၂ | သောက်သုံးရေ လုံလောက်မှုရှိစေရန် | ၂ | ပညာရေး တိုးတက်ကောင်းမွန်လာစေရန် |
| ၃ | အလုပ်ကိုင်အခွင့်လမ်းပေါ်များလာစေရန် | ၃ | သောက်သုံးရေလုံလောက်မှုရှိစေရန် |
| ၄ | အလယ်တန်းကျောင်း ဖြစ်ပေါ်လာစေရန် | ၄ | အလုပ်ကိုင်ခွင့်လမ်း ပေါ်များလာစေရန် |
| ၅ | ရွာမြေ တိုးချဲ့ရန် | ၅ | ကျန်းမာရေး လက်လှမ်းမီစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်းမြေဖို့ ပြုပြင်ခြင်း | ကျ + မ | ၇၈၁၀၀၀၀ | ၅၃၄ |
| ၂ | ရေသွင်းတံတား ပြုပြင်ခြင်း | ကျ | ၂,၅၀၀,၀၀၀ | ၅၃၄ |
| ၃ | ရေကန်ပြုပြင်ခြင်း [illegible] | ကျ + မ | ၂၂,၃၀၀,၀၀၀ | ၅၃၄ |
| ၄ | ဆက်သွယ်ရေးလမ်း | ကျ + မ | ၇၀,၀၀၀,၀၀၀ | ၅၃၄ |
| ၅ | စာကြည့်တိုက် ပြုပြင်ခြင်း | ကျ | ၂,၀၀၀,၀၀၀ | ၅၃၄ |
| ၆ | အလယ်တန်းကျောင်းဖြစ်ပေါ်ရန် | ကျ+ | ၈,၀၀၀,၀၀၀ | ၅၃၄ |
| ၇ | စာသင်ကျောင်း တိုးချဲ့ရန် | ကျ | ၃,၀၀၀,၀၀၀ | ၅၃၄ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ၂၄ နာရီ လျှပ်စစ်မီး ရရှိရေး | ကျ+မ | |
| ၂ | အိုးအိမ်များအတွက် ဆောက်ပံ့ငွေ | မ | |
| ၃ | ကိုယ်တွင်းမှ နည်းပညာသင်တန်း | မ | |
| ၄ | မှိုမြေ စိုက်ပျိုးခြင်း | ကျ | |
| ၅ | ဆေးဝါးများ ရရှိစေခြင်း | ကျ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးဝင်းဒိန် လက်မှတ် ............ နေ့စွဲ ၁၆.၂.၂၀၁၇

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ............ သနပ်ပင်ချောင်

ကျေးရွာအုပ်စု ............ သနပ်ပင်ချောင်ကျေးရွာ

အစည်းအဝေးပြုလုပ်သည့်နေရာ ............ သဲခိုးကောက်ကြီး ကျောင်း ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ............ ၁၃-၂-၂၀၁၇

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ............ ကျေးရွာမိတ်ဆက် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား (၃၄)ဦး၊မ (၃၇)ဦး=(၇၁)ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ကျေးရွာလူထုမှ လူထုဗဟိုပြုစီမံကိန်းနှင့် ပတ်သက်သည်များကို သိရှိရန်၊ လုပ်ဆောင်မည့် လုပ်ငန်းစဉ်များအား သိရှိရန်၊ စေတနာ့ဝန်ထမ်းများ ထွက်ပေါ်ရန်

ဆွေးနွေးချက်များ ။ ။ ကျေးရွာ ရပ်မိရပ်ဖ ဦးကြည်ဝင်းမှ ကျေးရွာလူထုအား လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ပြုလုပ်မည်ဖြစ်သည့်အတွက် ကျေးရွာလူထုမှ ဝိုင်းဝန်းပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ကြပါရန် အမှာစကား ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက် ။ ။ စီမံကိန်းဖြစ်ပေါ်လာပုံ၊ စီမံကိန်းစတင်ခဲ့သည့်နှစ်၊ စီမံကိန်းသည် လူထုကို အခြေပြုထားသည့် စီမံကိန်း အကြောင်းအရာ၊ ရည်ရွယ်ချက်၊ စီမံကိန်းတွင် ပါဝင်ပတ်သက်သူများ၊ စီမံကိန်းကာလ၊ အဆင့်(၁၄)ဆင့် အစည်းအဝေးအကြောင်းအရာများကို ဒေါ်မြမြင့်ဝင်းနှင့် ဦးဂျေမောင်မောင်မှ ဆွေးနွေးခဲ့ပါသည်။

ဆွေးနွေးချက်များ။ "လူထုဗဟိုပြုစီမံကိန်း ဆိုသည်မှာ ကျေးရွာလူထုကို လူထုအခြေပြုသည့် နည်းလမ်းဖြင့် အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများအား အသုံးပြုနိုင်မှုနှင့် အရေးပေါ်အခြေအနေဖြစ်ပါက ကျိုးရ ဝန်ထမ်းများ လျှင်မြန်စွာ တုံ့ပြန်နိုင်ရေး စီမံဆောင်ရွက်ပေးရန် ဖြစ်သည်။ ပြည်သူလူထု ရွာသူ၊ ရွာသားကိုယ်တိုင် ပါဝင်လုပ်ဆောင်တတ်ရုံ မိမိကိုယ်တိုင်ကိုယ်ကို ရပ်တည်တတ်စေရန်၊ တာဝန်ယူမှု တာဝန်ခံမှု ရှိစေရန် ဆွေးနွေးခဲ့ပါသည်။ ထို့နောက် စေတနာ့ဝန်ထမ်း၏ ရွေးချယ်မှုပုံစံ တံ့နှိုးများ ပြောကြားရှင်းလင်းပြီး စေတနာ့ဝန်ထမ်းရွေးချယ်ခဲ့ကြပါသည်။ မဲစနစ်ဖြင့် ရွေးချယ်ခဲ့ကြပါသည်။

သဘောတူညီချက်။ "ရွာသူရွာသားများ၏ သဘောတူညီချက်အရ မဲစနစ်ဖြင့် စေတနာ့ဝန်ထမ်း ရွေးချယ်ခဲ့ကြပါသည်။ အမျိုးသား (၃)ဦး၊ အမျိုးသမီး (၃)ဦး အဆိုပြုစေကာ အမျိုးသားအတွက် မဲအများဆုံးဖြစ်သော ဦးနေမင်းထွန်း နှင့် အမျိုးသမီးအတွက် မဲအများဆုံးဖြစ်သော ဒေါ်အေးမိစံ တို့ကို ရွာသားများ၏ သဘောတူညီချက်အရ ရွေးချယ်ခဲ့ကြပါသည်။

ဆွေးနွေးချက်။ သဘောတူညီချက် "လူမှုဘဏ်ဖွဲ့စည်းခြင်းအတွက် ကျေးရွာမြေပုံရေးဆွဲခြင်း၊ ဥက္ကာ၊ ကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြက္ခဒိန်ရေးဆွဲခြင်း၊ အမျိုးသား/သမီး ပင်ကျူအိမ် ရေးဆွဲခြင်း၊ အမျိုးသား/သမီး သုံးစွဲမှု၊ ထိန်းချုပ်မှုပုံစံ ရေးဆွဲခြင်းနှင့် အဖွဲ့အစည်း ပါတ်သက်မှုပုံစံတို့ ရေးဆွဲဆွေးနွေးခဲ့ပါသည်။

Pnyo

မှတ်တမ်းတင်သူ

ဒေါ်ပြုံးစင်ဝင်း(F)

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊